

# သိုးခေါင်း

## ဤအရပ်တွင် မိုးရွာခဲ့သည်

# ၊

ဆောင်းသည် သူ၏ ဖြစ်တည်မှုကို အကောင်းဆုံး တင်ဆက်သွားသည့် မျက်လှည့်ပြပွဲအဖြစ် ပဋ္ဌလက်ဆန်ဆန် ကပြသွားသောအခါ ဆွယ်တာအဖြူလေး အောက်မှ ကျွန်တော့်အသားဆိုင်တို့ မှာ အလိုလို ကျုံ့သေးသွား၏။ ရိဝေသွယ်ကိုင်းသော နှင်းလက်တံရှည်တို့ ဆီမှ တဖြုတ်ဖြုတ် ကြွေနေသည့် သစ်ရွက်ခြောက်များကို ကြည့်ပြီးသည့်နောက် စောင့်စားခြင်း မရှိသည့် အချိန်ကာလ ကို ကျွန်တော် အပြစ်တင်မိတော့၏။

လွန်လေပြီးခဲ့သော အနီရောင်သည် အမြင်အာရုံထဲမှာ တင် မဟုတ်ဘဲ နှလုံးသားရဲ့ မြောက်ဘက်ယွန်းယွန်းမှာ ပါ ယခုချိန်ထိတိုင် နေရာယူထားဆဲ၊ သူမသည် တစ်ချိန်က အနီရောင်ကို မြတ်နိုးခဲ့ဖူးသူ တစ်ယောက်ဖြစ်သည် ။

ထိုမြတ်နိုးမှုသည် တစ်စုံတစ်ရာ သွေးဆောင် ဖြားယောင်းမှုကင်းသော အဖြူထည် သက်သက် တန်ဖိုးထားမှု တစ်ခုသာ ဖြစ်ကြောင်း၊ ကျွန်တော် ယုံကြည်နေ၏။ ယုံကြည်ခြင်းသည် ခေတ်အဆက်ဆက် လူပုဂ္ဂိုလ် အမျိုးမျိုးပေါ် မူတည်၍

တန်ဖိုးအနည်းအများ ပြောင်းလဲသွားမည် ဖြစ်သော်လည်း ယခုချိန်ထိ မပြောင်းလဲသေးသော အရာမှာ သူမအပေါ် ထားသည့် ကျွန်တော့် အချစ်သာလျှင် ဖြစ်သည် ။

တစ်ချိန်က သူမလက်ကလေးကိုင်ပြီး ကွေ့ကောက်သော မြေနီလမ်းငယ်လေးတွေပေါ် ကျွန်တော် ရဲရင့်ခဲ့ဖူးသည် ။ ကျွန်တော်တို့ နှစ်ဦး၏ ကြည်ပြာရောင် အနာဂတ်ကို မျှော်တွေးပြီး သေးကျဉ်းသော သူမနဖူးပြင်လေးကို အနမ်းဖွဖွ ခြွေချခဲ့ဖူးသည် ။ အစဉ်သဖြင့် အေးစက်နေ တတ်သော သူမလက်လေး နှစ်ဖက်ကို အုပ်ကိုင်ပြီးလည်း ကိုယ်ငွေ့နွေးနွေးနဲ့ ထွေးပွေ့ ပေးခဲ့ဖူးသည် ။

ပြတင်းပေါက်မှ တိုးဝင်လာသော နှင်းငွေ့လေးများကို အကြောင်းမဲ့ငေးရင်း တစ်ချိန်က သူမနှင့် အတူလျှောက်ခဲ့ဖူးသော မြေနီလမ်းလေးတွေဆီ အတွေးရောက်မိ၏။ ထိုအခါ ကျွန်တော့်ရင်သည် အမျိုးအမည်တပ်ရန် ခက်ခဲသော အောင့်သက်သက် အရသာတစ်မျိုးကို ခံစားသွားရသည် ။

ပတ်ဝန်းကျင် အငွေ့အသက်နှင့် နှလုံးသားရဲ့ စေ့ဆော်မှုအရ ကျွန်တော် သူမကို အကြိမ်ကြိမ် မေးခဲ့ဖူးသည် ။

" ဆူး ... ကိုယ့်ကို တကယ်ချစ်တာလား ... ဟင် ... "

ထို အ ခါ မျိုး မှာ သူမသည် မျက်လုံးနှစ်လုံးကို ထောင့်ကပ်ပြီးကျွန်တော့်ကို စူးစူးရဲရဲ ကြည့်တတ်လေ့ရှိ၏။

"တကယ်ချစ်တာပေါ့ကွ... "

သူမရဲ့ အဖြေစကားလေးများ သည် ။ ထိုအချိန် ထိုကာလက ကျွန်တော့်အတွက် ကမ္ဘာတစ်လုံး ထက်ပင် ကိုးကွယ်ရာအစစ်

ဖြစ်ခဲ့ဖူး၏။ စိုးတထိတ်ထိတ်ဖြင့်ပင် တန်ဖိုးကြီးခဲ့ဖူးသည် ။ ( ယခုချိန်ထိ လည်း တန်ဖိုးကြီးနေဆဲပင် ဖြစ်သည် ။ )

အနမ်းဟု အမည်တပ်နိုင်မည့် အရာမှာ မတူညီစွာ ဆွဲငင်တတ်သော အရာနှစ်ခု နူးညံ့စွာ ထိကပ်ခြင်းဟု ကျွန်တော် အဓိပ္ပာယ်ဖွင့်လျှင် သင်တို့ လက်ခံကြလိမ့်မည် ထင်ပါသည် ။ ( လက်မခံလျှင်လည်း ရပါသည် )။ လောလောဆယ် ကျွန်တော်ခံစားမိသည် မှာ ရေပြင်ပေါ် လျှပ်တိုက်ပစ်ပေါက်ဖူးသော တစ်ချိန်က ခဲလုံးလေးတစ်လုံးအကြောင်း ဖြစ်သည် ။

တစ်ခါက ဆူးကို ဘေးမှာ ထားပြီး ခဲလုံးလေးတစ်လုံးကို ကန်ရေပြင်ထက်ဆီ ကျွန်တော် ပစ်ပေါက်ခဲ့ဖူး၏။ ထိုခဲလေးမှာ ရေမျက်နှာပြင်ရဲ့ ပါးအိုရဲရဲလေးများကို တစ်ခါနမ်းသွားတိုင်း ရေမှုန်စက်လေးတွေ ဖွားခနဲ ဖွားခနဲ လွင့်ပျံလာပုံမှာ ကဗျာဆန်လွန်းလှပါသည် ။

"ကိုကို ချစ်ရတာလည်း အဲဒီခဲလုံးလိုပါပဲကွာ ... "

" ဘာလို့ လည်း ဆူးရဲ့ ... "

"ကိုက ဆူးအနားမှာ အမြဲတမ်း နေပေးနိုင်တာမှ မဟုတ်တာ၊ အလုပ်ပြီးတာနဲ့ ရန်ကုန်ပြန်သွားရော ... ဆူးမှာ သာ ကိုဘယ်တော့များ ပြန်လာမလဲဆိုပြီး မျှော်နေရတာ ... ခုန ခဲလုံးနဲ့ ရေပြင်လိုပဲ၊ ခဲလုံးကရေပြင်ကို တစ်ခါလာထိလိုက် ဝေးသွားလိုက်၊ နောက်တစ်ခါ ပြန်ထိလိုက် ပြန်ဝေးသွားလိုက်နဲ့ . ... "

ထိုတစ်ချိန်က ထိုအပြောများကြောင့် ကျွန်တော် သဘောတကျ ရယ်ဖြစ်ခဲ့မည် ထင်ပါ၏။

" ဟယ် ... ကို ... အဲဒီခဲလုံးလိုတော့ နောက်ဆုံးမှာ ရေထဲမြုပ်မသွားရဘူးနော် "

"ဘာဖြစ်လဲဆူးရဲ့ ...၊ ကိုယ်က ခဲလုံးဆို ဆူးက ရေပြင်ပဲဟာ၊ ဆူးကိုယ်ထဲကို မြုပ်သွားရတာပဲ ... မြုပ်ပါစေပေ့ါ၊ ကိုယ့်အတွက် တန်ပါတယ် "

ကျွန်တော့်စကားကြောင့် မုန်တိုင်းတိုက်ပြီးစ ပင်လယ်ပြင်ရဲ့ ငြိမ်သက်ခြင်းမျိုးနဲ့ တွေးခေါ်ခြင်းဆိုင်ရာ အနက်အဓိပ္ပာယ်ထဲ အတန်ကြာအောင် သူမ မိန်းမောသွားခဲ့သည် ။" မဖြစ်ဖူးထင်တယ်ကို ... အဲဒီခဲလောက် အလေးချိန်ကိုတောင်ဆူးရင်ထဲ ထည့်လွယ်မထား နိုင်လောက်ဘူး ... "

လေးပင်ခြင်းကို မနှစ်သက်သော သူမသည် ငါးမိနစ်လောက်ပင် လက်ဖြင့်ကိုင်ဖတ်ရန် ခက်ခဲသော အတွေးအခေါ်ဆိုင်ရာ စာအုပ်ထူထူကြီးများကိုတော့ အလွန်တရာမှ ကြိုက်နှစ်သက် သူလည်း ဖြစ်သည် ။ သူမ စာဖတ်နေပုံသည် ပန်းပွင့်တွင် နားနေသော လိပ်ပြာလေးတစ်ကောင်နှင့် တူသည် ဟု မှတ်ချက်ပြုမိတော့ ကျွန်တော့်ရင်သည် စိမ့်အေးကာ သွားရသည် ။

သူမက ကျွန်တော် ခိုးနေတာကိုသိတော့ နှုတ်ခမ်းလေးကိုက်ကာ တစ်ဖက်ကို လှည့်သွား၏။ ဆူးချွန်လေးဟု ကျွန်တော်တိတ်တဆိတ် နာမည်ပေးဖူးသည့် သူမ နှုတ်ခမ်းလေးများ သည် ကျွန်တော့် ရင်ခုန်သံများကို မချင့်မရဲဖြစ်အောင် လှပစွာ ထုပ်ပိုးထားနိုင်သော အရာများ လည်း ဖြစ်သည် ။

" ဆူးစာဖတ်နေပုံက တအားကြည့်လို့ ကောင်းတာပဲ "

"ဟုတ်လား ... အဲလို ဆိုရင်တော့ ဆူးက ကြည့်ကောင်းတာ

မဖြစ်လောက်ဘူး၊ အဲစာအုပ်ထဲက ပုဂ္ဂိုလ်ကြီးတွေက ကြည့်ကောင်းနေတာ ဖြစ်ရမယ် "

"မဖြစ်နိုင်ပါဘူးကွာ ... ပုံစံတွေကိုလည်း ကြည့်ဦး ... ဆံပင်ကကောက်တိကောက်ကွေး၊ မျက်လုံးကပြူးပြူး၊ မုတ်ဆိတ်မွေးတွေကထူလပျစ်နဲ့ ခွတိခွကျအဝတ်တွေ ဝတ်ထားတဲ့ ဥစ္စာ ... ဘယ်လိုလုပ်ကြည့်ကောင်းမှာ လဲ ... "

" ဆူးကတော့ သူတို့ ကို ကြိုက်တယ်ကွ ... "

ဆိုကရေးတီး၊ ပလေတို၊ စပင်နိုဇာ၊ ဟေဂဲလ်၊ ကားလ်မာ့ခ်၊ ယန်းပေါ့ဆတ်၊ ရူးဒေါ်ကားနက် တို့ မှာ သူမအကြိုက်ဆုံး တွေးခေါ်ရှင်များ ဖြစ်သည် ။ တစ်ခါတစ်ရံ တွင် လည်း နှင်းကျသည့် ဆောင်းနှောင်းရာသီမျိုး၊ လူသူရှင်းလင်းသည့် ညနေခင်းမျိုးမှာ လမ်းအတူ လျှောက်ရင်း သူမဖတ်ဖူးသော ဒဿနဆိုင်ရာ အချက်အလက်များကို ကျွန်တော့်အား ဦးတည်၍ ဆွေးနွေးလာဖူး၏။ ထိုအခါမျိုး၌ ကျွန်တော့်အကိုးအကားသည် မိမိကိုယ်မိမိ ရှာဖွေထားခြင်းမှ ဖြစ်ပြီး ... သူမအကိုးအကားသည် ထိုစာအုပ်ထူထူကြီးများ ထဲမှ ဖြစ်နေတတ်၏။

"ဆူးက မိန်းကလေးပေမဲ့ ဒဿနဆိုင်ရာတွေကို စိတ်ဝင်စားတယ်နော် ... "

"မိန်းကလေး ဖြစ်တာနဲ့ ပဲ စိတ်မဝင်စားရတော့ဘူးလားကွ ... "

"အဲ လို လ ည်း မဟုတ်ဘူး လေ ...၊ ကိုယ်လေ့လာမိသလောက် မိန်းကလေးအများ စုက အဲလို အကြောင်းအရာမျိုးတွေ စိတ်မဝင်စားတတ်ကြလို့ ... "

"အင်း ... ဆူးကတော့ စိတ်ဝင်စားတယ်၊ ကိုရော ဘာထူးလို့ လဲ။ ကိုလည်း အတွေးအခေါ် ဆိုင်ရာတွေ စိတ်ဝင်စားတာပဲဟာ "

" ကိုယ်က မဖတ်မဖြစ်မို့ ဖတ်နေရတာမျိုးလေ ... "

"အင်း ... "

သူမ နှုတ်ခမ်းလေးစူကာ အချိန် အတော်ကြာအောင် စဉ်းစားသွားပါသည် ။ နှုတ်ခမ်းစူနေပုံက ဆူးချွန်လေးတစ်ချောင်း၊ မိမိကိုယ်မိမိ ကာကွယ်ရန် ( သို့ ) မိမိကိုယ်မိမိ ထူမတ်ရန် ပြင်ဆင်ထားပုံ မျိုးနှင့် တူလွန်းလှ၏။

" ဆူးလည်း မဖတ်မဖြစ်မို့ ဖတ်နေရတာပဲကွ ...၊ ဘဝဆိုတာကို ကိုယ်ပိုင်အတွေးအခေါ်နဲ့ ပဲ ဖြတ်သန်းချင်တယ် ... ဘယ်သူ့ နောက်လိုက်မှ မဖြစ်ချင်ဘူး၊ နောက်လိုက်တကာ့ နောက်လိုက်ထဲမှာ အတွေးအခေါ်နောက်လိုက်က အဆိုးဆုံးပဲကွ ... "

ထိုထိုသော မိန်းကလေးမျိုးကို ချစ်သူ တော်ထားရသည့် အတွက် ကျွန်တော့်မှာ အချိန် တော်တော်များများကို အသင့်အနေအထားနဲ့ ဖြတ်သန်းခဲ့ရ ဖူးသည် ။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ ဖြစ်တည်မှုနဲ့ အတွေးအခေါ်အပေါ် သစ္စာ ရှိပေးနိုင်တဲ့ သူမလို ချစ်သူမျိုးကို ပိုင်ဆိုင်ထားရခြင်းကြောင့်တော့ တစ်ခါတစ်ရံထက် ကျော်လွန်ကာ ဂုဏ်ယူနေခဲ့ဖူး၏။ ဒါပေမဲ့ ... ထိုကိစ္စကိုတော့ သူမ သိလိမ့်မည်မဟုတ်။

ဆောင်းမှာ သူ၏ ဖြစ်တည်မှုကို နှစ်ကာလအချို့ ကြာမြင့်သွားပြီးသည့်တိုင် သစ္စာရှိပေးထားဆဲ ... ။ ယခုနှစ်ဆောင်းသည် လွန်ခဲ့သည့် ( ၈ ) နှစ်ခန့်ကအတိုင်း တိုဟူးနွေး၊ ရှမ်းခေါက်ဆွဲ၊ အသင့်ဖျော် ကော်ဖီထုပ်များ သာ ရသည့် အိမ်ဆိုင်လေးတစ်ဆိုင်၏ အတွင်းဘက် ထောင့်ဆုံးစားပွဲသို့တိုင် အေးစိမ့်မှုပေးနေဆဲ ...။

မရေရာသော မျှော်လင့်ချက်များ နှင့် သေချာသော လက်တွေ့ဘဝ၏ အရိုင်းဆန်မှုများကို ဤစားပွဲမှာ ပင် သူမနှင့်ကျွန်တော် အပြန်အလှန် ဆွေးနွေးခဲ့ဖူး၏။ ငြင်းခုံခဲ့ဖူး၏။ ပြီးတော့ ကြည်နူးခဲ့ရဖူး၏။ နေ ရာ အ တော် များ များ မှာ တူညီလေ့မရှိသော ကျွန်တော်တို့ နှစ်ယောက်အတွက် ရှားရှားပါးပါး တူညီတာတစ်ခုမှာ ကော်ဖီကြိုက်တတ်ခြင်းပင် ဖြစ်သည် ။

သူမ စာဖတ်နေချိန်များကို ခိုးငေးရသူမှာ ကျွန်တော်ဖြစ်ပြီး ကျွန်တော် ကော်ဖီသောက်ချိန် မှာ တော့ ခိုးငေးရသူမှာ သူမသာဖြစ်ပါသည် ။

" ကို ကော်ဖီသောက်နေပုံကြီးက တအားမုန်းဖို့ ကောင်းတာပဲ "

"ဘာဖြစ်လို့ လဲ ဆူးရဲ့ ... "

"ဆူးကို မေ့နေသလို ခံစားရလို့ ... "

ဆူးချွန်လေးက ထုံးစံအတိုင်း နှုတ်ခမ်းကိုချွန်ကာ ပြောလာပါသည် ။

" မဟုတ်ပါဘူး ဆူးရဲ့ ၊ ကိုယ်က ကော်ဖီကြိုက်တတ်လို့ ပါ၊ အဲဒါကြောင့် အာရုံကို ဘယ်မှ မပျံ့လွင့်စေဘဲ တစ်ငုံချင်း အရသာခံ သောက်တာ ၊ အဲဒီအခါမှာ ကော်ဖီရဲ့ အရသာကို အပြည့်အဝ ခံစားရတယ်၊ ဆူးလည်း အဲလိုသောက်ကြည့်ပါလား၊ ကိုယ်ကြိုက်နှစ်သက်တဲ့ ရုပ်ဝတ္ထုတစ်ခုပေါ်မှာ လေးစားတဲ့ သဘောလည်း ရောက်တာပေါ့ "

"မသိဘူးကွာ ...၊ ကို အဲလိုငြိမ်ပြီး ကော်ဖီသောက်နေပြီဆို တခြားကောင်မလေးတွေ ကို့ကိုမြင်သွားမှာ သိပ်ကြောက်တာ "

"ဘာဖြစ်လို့ "

"အလုပ်တစ်ခုပေါ်မှာ အာရုံ စူးစိုက်မှု အပြည့် ရှိနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဟန်ပန်က တအားကြည့်လို့ ကောင်းတာကွ၊ သူ့ခန္ဓာကိုယ်မှာ အရှိန်အဝါတစ်ခု ထွက်နေသလိုပဲ ... တော်ပြီကွာ ... မသောက်ရတော့ဘူး၊ ပေး ... ကော်ဖီခွက် "

ပြောလည်း ပြော လှမ်းလည်း ဆွဲလိုက်တာမို့ ကော်ဖီများမှာ အရှိန်လွန်ပြီး ကျွန်တော့်အင်္ကျီပေါ် ဖိတ်စဉ်ကျကုန်သည် ။

"ဟောတော် ... ကို ... ပူသွားလားဟင် "

ကျွန်တော် ခေါင်းယမ်းရင်း ပေစွန်းသွားသော ကော်ဖီစက်များကို တစ်ရှူးနဲ့ သုတ်ဟန်ပြင်တော့ သူမက ပျာပျာပျာသလဲပင် ကျွန်တော့်လက်တွင်းမှ တစ်ရှူးကိုယူကာ ကိုယ်တိုင် သုတ်ပေးသည် ။

"ပေသွားပြီတော့ ...၊ ချွတ်လို့ ရပါတော့မလား မသိဘူးနော် "

" ရပါတယ်ဆူးရဲ့ ကော်ဖီစွန်းတာပဲဟာ ...၊ မရလည်း ကိစ္စမရှိပါဘူး ...၊ ကိုယ့်မှာ ဒါမျိုး အဖြူလက်ရှည်တွေ ရှိပါသေးတယ် "

ယခုမှ သူမက ကျွန်တော့်တီရှပ်လက်ရှည် အဖြူလေးကိုသေချာကြည့်လာ၏။ ပြီးတော့ တိုးတိုးလေးဆိုသည် ။

"ကိုက အဖြူကို တအားကြိုက်တာပဲနော် ... ဘာလို့ လဲဟင် "

"မသိဘူး ... ငယ်ငယ်တည်းကပဲ၊ မေမေဆို ကိုယ်အဖြူတွေ ဝတ်လွန်းလို့ တအားပြောတာ၊ သူလျှော်ပေးရတာ မသက်သာဘူးလေ၊ ဆူးကရော ဘာအရောင်ကြိုက်လဲ ... "

"အဲလို သတ်သတ်မှတ်မှတ် ရယ်လည်း မရှိပါဘူး၊

အနီရောင်ကိုတော့ အားလုံးထဲမှာ နည်းနည်း ပိုသဘောကျသလိုပဲ၊ ဒါပေမဲ့ ကိုက အဖြူရောင်ကြိုက်ရင် ဒီနေ့ကစပြီး ဆူး အမည်းရောင်ကိုပဲ ကြိုက်တော့မယ် ... "

"ဘာလို့ လဲ ... "

အရာရာက အလိုက်သင့် စီးမျောသွားခဲ့ပြီ ဖြစ်သည် ။ ဒါပေမဲ့ သူမ စကားကြောင့် ကျွန်တော် လေးနက်စွာ သေဆုံးသွားတော့မည် ဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ်မသိခဲ့။ ဝေဝါးသော တစ်စုံတစ်ရာသည် ကျွန်တော်တို့ နှစ်ယောက်အပေါ် ထက်ကြပ်မကွာ လိုက်ပါနေသလို ခံစားနေရသည် ။ ဒါပေမဲ့ အမှန်တရားက ထိုဝေဝါးမှုထဲမှာ ပင်တောက်ပစွာ ရှိနေပါသည် ။

"အဖြူဆိုတာ သူ့အတိုင်းချည်းပဲဆို ထူးထူးခြားခြား အရောင်မပေါ်လွင်ဘူးလေ ...၊ အနက်နဲ့ တွဲလိုက်မှ သူ့အရောင်က ထင်ရှားလာတာ၊ ကျောက်သင်ပုန်းအနက်ပေါ်မှာ မြေဖြူနဲ့ ရေးမှ ထင်ရှားတဲ့ သဘောမျိုးပေ့ါ ... အနက်ကြောင့် အဖြူဟာ ပိုဖြူလာရမယ်၊ ဆူးကြောင့် တို့ ရဲ့ အဖြူရောင်ဟာ မမှိ န်သွားစေရဘူး၊ ပိုပြီးပဲ လင်းလက်လာစေရမယ် ... "

အခါခါ သေဆုံးရခြင်းကို အချစ်ဟု ခေါင်းစဉ်တပ်ပါလျှင် ကျွန်တော် သူမကို ရူးရူးမူးမူး ချစ်မိသွားရခြင်းမှာ သူမရဲ့ ထိုအပြောများ ထက် ထိုသို့ တွေးတတ်သော အတွေးကြောင့်ပင် ဖြစ်ပါသည် ။ ထိုသို့ ဖြစ်အောင်လည်း သူမသည် ဓားတစ်ချောင်းလို၊ အသွားရှည်လှံတစ်စင်းလို၊ ယုတ်စွအဆုံး အပ်တိုလေးတစ်ချောင်းလိုပင် မိမိကိုယ်ကိုတမြည့်မြည့် သွေးနေသူ ဖြစ်၏။

တစ်ရက်တွင် ကျွန်တော့်ကို စကားတစ်ခွန်း မေးလာဖူးသည် "

" အတွေးအခေါ် ပညာရှင်တွေထဲမှာ ကို ဘယ်သူ့ကိုအကြိုက်ဆုံးလဲဟင် ... "

" ဗုဒ္ဓ ...၊ အိုရှိုး ... "

ကျွန်တော့်အဖြေ စကားကြောင့် ထိုစဉ်အခါက သူမ မျက်ခုံးလေးနှစ်ဖက် ပင့်မြှောက် သွားဖူးသည်။

"ဘာလို့ ကြိုက်တာလဲဟင် ... "

" သူတို့ က ငါ့ကို မယုံပါနဲ့ လို့ ပြောလို့ ၊ ကိုယ်တိုင် လုပ်ကြည့်ပါလို့ ပြောလို့ ၊ မိမိကိုယ်သာ ကိုးကွယ်ရာလို့ ပြောလို့ ၊ ဆူးကရော ဘယ်သူ့ကို အကြိုက်ဆုံးလဲ ... "

" ယန်းပေါ့ဆတ် ... "

" ဘာလို့ ဆတ်ကို ကြိုက်တာလဲ ... ကိုယ့်ကို ပြောပြပါဦး "

"လူသားဝါဒကို လက်ကိုင်ထားလို့ ... လူဆိုတာ ဘယ်သူရဲ့ အလွှမ်းမိုးခံ၊ အဆုံးဖြတ်ခံမှ မဟုတ်ဘူး ၊ သူ့မှာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိတယ်၊ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ကိုယ့်ရဲ့ ဆုံးဖြတ်ချက် ... ကိုယ့်လုပ်ရပ်အတွက် ရရှိလာမယ့် အကျိုးသက်ရောက်မှု အားလုံးကိုလည်း ကိုယ်ပဲတာဝန်ယူရမယ် ...၊ အဲဒါကို ကြိုက်တာ ... "

"အင်း ... ဆက်ပါဦး "

"ဒါပေမဲ့ ဆူးပတ်ဝန်းကျင်မှာ တွေ့နေရတဲ့ လူတော်တော်များများက အဲဒီအတိုင်း မဟုတ်ဘူး ကွ ... ၊ ကိုယ့်သဘော ကိုယ့်ဆန္ဒနဲ့ တော့ လုပ်လိုက်တာပဲ၊ ဒါပေမဲ့ အမှားအယွင်း တစ်စုံတစ်ရာ ဖြစ်ပြီဆိုတာနဲ့ တာဝန်မယူချင်ကြတော့ဘူး ...၊ ဟိုဟာကြောင့်ပါ ... ဟိုလူကြောင့်ပါ ... ရွေးချယ်ပိုင်ခွင့် မရှိလို့ ပါ ... စသဖြင့် သိပ်ပြောကြတယ်၊ လူဆိုတာ

သက်မဲ့အရာဝတ္ထု မဟုတ်ဘူး လေ၊ သက်မဲ့ဆိုတာက စဉ်းစားဉာဏ်မရှိဘူး၊ အဲဒါကြောင့် အမြဲတစေ ဆုံးဖြတ်ခံရတယ်၊ အသိတရားရှိတဲ့ လူဆိုတာမျိုးမှာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ပြုမူပိုင်ခွင့်ရှိတယ်၊ အဲဒီအတွက်ကြောင့် ... ကိုယ့်အပြုအမူအတွက် ကိုယ့်မှာ တာဝန်ရှိလာတာ၊ ခုတော့ ... လူတွေက တာဝန် မယူချင်တာနဲ့ ပဲ ကိုယ့်ကိုယ်ကိုယ် အဆုံးဖြတ်ခံ ဝတ္ထုပစ္စည်းအသွင် လှည့်စား ထားလိုက်ကြတယ်၊ - မိမိကိုယ်တိုင်ရဲ့ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို စွန့်လွှတ်ပြီး တခြားလူ တွေရဲ့ ဆုံးဖြတ်ချက်ကို မှီခိုလိုက်ကြတယ် ... အဲတော့ ဘာဖြစ်လဲ ... .သူတို့ ကြောင့် လူ့တန်ဖိုးတွေ ကျသွားရော ... "

စကားအရှည်ကြီး ပြောပြီးသွားသည့်နောက်မှာ ကျွန်တော့် ထင်မြင်ချက်ကို သူမ ကြားချင်လာသည် ထင်၏။ ကော်ဖီကို တစ်စုံချင်း အရသာခံသောက်ရင်း သူမပြောသမျှ ငြိမ်သက်စွာ နားထောင်နေသော ကျွန်တော့်လက်မောင်းကို လှုပ်၍ မေးလာသည် ။

" ဆူးပြောတာ ဟုတ်တယ်မလားဟင် ... ကိုရော ဘယ်လိုထင်"

"ခုလောက်ထိတော့ ဆတ်ကို ကိုယ်သဘောကျပါတယ် ... ။ ဒါဟာ ကိုယ်နှစ်သက်တယ် ဆိုတဲ့ မိမိကိုယ်သာ ကိုးကွယ်ရာ သဘောတရားပါပဲ၊ ဒါပေမဲ့ ဆတ်ရဲ့ ဝါဒက လမ်းဆုံးထိ မရောက်ဘူး ဆူးရဲ့ ၊ တစ်ဝက်တစ်ပျက်နဲ့ ရပ်တန့်နေတယ် ... "

"ဘယ်လိုမျိုးလဲဟင် ... "

"သူ့ရဲ့ ဖြစ်တည်ခြင်း ပဓာန ဝါဒမှာ လူဟာ လုံးဝ လွတ်လပ်သူဖြစ်တယ်၊ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိတယ်၊ ကိုယ်ရွေးချယ်မှု ... ကိုယ့်အပြုအမူရဲ့ အကျိုးဆက်ကို ကိုယ်ပဲ

တာဝန်ယူရမယ် ...၊ အဲဒီမှာ တင် သူ့ဝါဒက လမ်းဆုံးနေတယ်၊ ဘာကို ရွေးချယ်ရမယ်ဆိုပြီး ပြောမထားဘူး ... ၊ မှန်ကန်တည်မြဲတဲ့ လမ်းစဉ်တစ်ခုခုကို ညွှန်ပြမထားဘူး ...။ပြီးတော့ သူ့ အတွေးအခေါ်က လူတွေရဲ့ ဖြတ်သန်းမှု ပတ်ဝန်းကျင်ပေါ်မှာ ပဲ အခြေတည်နေတယ်၊ အထူးပြုပြီး ပြောရရင် လောကနယ်ပယ်ထဲ မှာ ပဲ လမ်းဆုံးနေတယ်၊ အဲဒါထက် လွန်မြောက်အောင် ပြောမထားဘူး၊ လူကို အခြေတည်ထားတဲ့ ဆန္ဒစွဲသက်သက် ဝါဒလို့ တောင် ကိုယ်တော့ယူဆမိတယ် ... "

ခပ်ဝေးဝေး သစ်ပင်ထက်မှ ရှဥ့်လေးတစ်ကောင် ဟိုမှ သည် မှ ပြေးလွှား ဆော့ကစားနေပါသည် ။ သေချာသည် က သူ့ လှုပ်ရှားမှု အားလုံးသည် အမှီအခိုကင်းသော သူ့ဆုံးဖြတ်ချက်ကြောင့်သာ ဖြစ်နိုင်ပါသည် ။

"ကိုပြောတာလည်း ဟုတ်တာပဲနော် ...၊ အေးလေ ... ဆတ်က ဘုရားမဲ့ ဝါဒီဆိုတော့ ဒီလိုပဲဖြစ်မှာ ပေါ့ ... ၊ အဲဒီအတွက်ကြောင့်ပဲ ဆတ်ကို သဘောကျပေမဲ့ ဆူးမှာ ဒုက္ခရောက် နေရတယ်"

"ဘာဖြစ်လို့ လဲ ... "

"အဓိဋ္ဌာန်ပုတီး စိပ်မရလို့ ..."

*****

## ။

ပတ်ဝန်းကျင်က အကြောင်း တစ်စုံတစ်ရာမရှိဘဲ မှောင်နေရာမှ အနည်းငယ် လင်းလာသည် ။ နောက်ဆက်တွဲအနေနဲ့ ကျွန်တော်ထိုင်နေသော ထောင့်ဆုံးစားပွဲခုံလေးမှာ မဆိုစလောက်လေး ပြတ်သားလာပါ၏။ ဖွင့်ထားသော ပြတင်းတံခါးမှာ ရောက်စကအတိုင်းပဲ ဟင်းလင်းပွင့်နေဆဲပင် ဖြစ်သည် ။

ဘောင်ခတ်ထားမှုမှန်သမျှကို ဆန့်ကျင်တတ်လေ့ရှိသောသူမ ရောက်အလာကို ဖွင့်ထားသော ပြတင်း တံခါးဘောင်ထဲမှ ကြည့်ပြီး ကျွန်တော် စောင့်မျှော်နေခြင်းသည် အပြစ်တစ်ခု မဖြစ်နိုင်ဟု တော့ ယူဆမိ၏။ ဟိုအရင် ( ၈ ) နှစ်ခန့်ကအတိုင်းပဲ ချိန်းထားရာသို့ ဆိုင်ကယ်လေး စီးပြီး သွက်လက်ပေါ့ပါးစွာ ရောက်လာမှာ လား ... ... ။ ကျွန်တော့်ကို တွေ့လျှင်ရော ... ပုံစံခွက် အကြည့်တွေကို မေ့ပြီး ဝမ်းသာအယ်လဲ ထွေးပွေ့ နှုတ်ဆက်မှာ လား၊ ကျွန်တော့်လက်မောင်းကို မီ့ခိုပြီး "လွမ်းလိုက်တာ ကိုရာ" ဟု ကလေးဆန်စွာ ပြောဆိုနေဦးမှာ လား၊ ဒါမှ မဟုတ် ... တည်ငြိမ်ရင့်ကျက်စွာ လျှောက် လာပြီး အကြည့်စူးစူးရဲရဲတွေနဲ့ သူမ နှစ်သက်သော ယန်းပေါ့ဆတ် ဒဿနတွေကို အကျယ်တဝင့် ကိုးကားပြောဆို နေဦးမှာ လား ...

သေချာသည် ကတော့ ယန်းပေါ့ဆတ်ကို

သ ဘော မ ကျ ရ သော အ ကြော င်း ချ က် များ မှာ ကျွန်တော့်တွင် အရင်ကထက် ပိုလို့ ပင် များ ပြားခိုင်လုံလာခြင်းဖြစ်သည် ။ ထိုအကြောင်းများကို ပြောဆိုဆွေးနွေးမိပါကကျွန်တော့်ကို စိတ်ဆိုးကောင်း ဆိုးသွားနိုင်ပါသည် ။ သို့သော်လည်း ထိုကိစ္စမှာ ဆတ်ရဲ့ သဘောတရားများကို လွန်ခဲ့သော ( ၈ ) နှစ်လုံးလုံးသူမ ဆက်လက်သဘောတွေ့ ယုံကြည်မှ သာလျှင် ဖြစ်ပါလိမ့်မည်။

ကော်ဖီကို တစ်ငုံငုံကာ သောက်တော့ ခါးစိမ့်အေးစက်မှုက လှုပ်ရှားနေသော ကျွန်တော့် ခံစားမှုများကို ပိုမို လောင်ကျွမ်းသွားစေသည် ။ ထိုလောင်ကျွမ်းမှုထဲတွင် ကောင်တာ မှန်ဗီရိုနောက်မှ အသက်( ၅၀ ) ဝန်းကျင် မိန်းမကြီးတစ်ဦးရဲ့ ဝေခွဲမရသော အကြည့်နှင့် သရုပ်ခွဲလေ့လာမှုများ ပါနေမည်ဆိုလျှင် ကျွန်တော် မငြင်းလိုပါ။

ထိုစဉ်အခါက သူမသည် ယခုဆိုင်ရှင် အဒေါ်ကြီးအား

"နန်းနန်း" ဟု ချစ်စနိုး ခေါ်တွင် ခဲ့ဖူးသည် ။ နာမည်ရင်းမှာ ဒေါ်နန်းမူဖြစ်ပြီး သူမ ကြိုက်နှစ်သက်သော တိုဟူးနွေး အရသာကို ဤတောင်ပေါ်တစ်မြို့လုံးတွင် ဒေါ်နန်းမူသာ လုပ်တတ်သည် ဟု ကျွန်တော့်ကိုပြောဖူး၏။ ကောင်တာနောက်မှ စူးစမ်းနေသော သူမအကြည့်သည် ( ၈) နှစ်ခန့် ပျောက်ဆုံးသွားသော ငှက်ကလေးတစ်ကောင်ကို အရောင်တူမတူ သရုပ် ခွဲကြည့်နေပုံ မျိုးထက် ပိုမိုအဆင့်အတန်း မြင့်တာတော့ သေချာပါသည် ။

ထိုင်နေကျစားပွဲ၊ မပြောင်းမလဲဘဲ ယခုတိုင်သောက်နေသည့် ကော်ဖီတံဆိပ်၊ နှစ်သက် စွဲလမ်းစွာ ဝတ်ဆင်လေ့ရှိသည့် အင်္ကျီအဖြူ၊ အနည်းငယ် ရှည်လာသည် မှ လွဲ၍ ယခင်အတိုင်း

လုံးဝဖြီးသင်ခြင်းမပြုထားသည့် ကျွန်တော့်ဆံပင်၊ သောက်နေကျ ဆေးလိပ်ဖြူဖြူနဲ့ မီးခြစ် အဝါရောင်၊ ဒါတွေသည် သတိထား မှတ်ရှုတတ်သူ တစ်ဦးအဖို့ မှတ်ကောင်း မှတ်မိနိုင်သော်လည်း ကျွန်တော့်ကို "စာရေးဆရာ" လားဟု လာရောက် မေးမြန်း နှုတ်ဆက်ရမည့် အရေးကို သူမ တစ်စုံတစ်ရာ မဝံ့မရဲ ဖြစ်နေပုံရပါသည် ။

သူမ မှတ်မိသည် ဖြစ်စေ၊ မမှတ်မိသည် ဖြစ်စေ ကျွန်တော်ကတော့ ဆူးချွန်လေး ရောက် အလာကို စောင့်ရပါဦးမည်။

အကြိမ်ကြိမ် သတိကပ် လေ့ကျင့်ထားသော စိတ်၏ အမှတ်သညာတစ်ခုအရ မကြာခင် ဆူးချွန်လေး ရောက်လာတော့မည် ဖြစ်သည် ။ဟုတ်၏။ ဆူးချွန်လေး ဆိုသည် ကား " ဆူးငယ် " ဟု ခေါ်သည့် လွန်ခဲ့သော ( ၈ ) နှစ်ခန့်က ကျွန်တော့်ရဲ့ မိန်းကလေးလည်း ဖြစ်သည် ။

*****

# III

တကယ်တော့ ဤအရပ်ကို ကျွန်တော် ရောက်ရှိနေသည် မှာ လွန်ခဲ့သော ( ၁၅ ) မိနစ်ခန့်က ဖြစ်သည် ။ မြင်ကွင်းသည် သက်ငြိမ်မှုကင်းမဲ့သော ခေတ်သစ်ပန်းချီကား တစ်ချပ်လို ဖရိုဖရဲ နိုင်သည် ဟု ကျွန်တော် ခံစားနေရသည် ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ တွေးထင်မှုသည် အချိန်ခဏမျှသာ ကြာခဲ့ပါသည် ။

အမှန်အတိုင်း ဆိုရပါက အိုးစည်သံ စကြားကတည်းကပင် ကျွန်တော်ထင်မှတ်မှုတို့ လွဲမှားသွားပြီ ဖြစ်ကြောင်း တစ်ကိုယ်တည်း ခံစားမိလိုက်၏။ ဇော်ဦးခေါ်၍ ကျွန်တော် ပါလာခဲ့ခြင်း ဖြစ်သော်လည်း ခဏတွင်းမှာ ပင် ညအချိန်နဲ့ မလိုက်ဖက်စွာ ကျွန်တော့် အသိဉာဏ်တို့ လတ်ဆတ်သွားခဲ့ရသည် ။

ဤတောင်ပေါ်မြို့လေးသို့ ကျွန်တော်ရောက်နေခဲ့တာ ( ၅ ) ရက်တင်းတင်း ပြည့်သော ညလည်း ဖြစ်၏။ ကိုယ်တွင်းမှ ဆာလောင်မှု တစ်စုံတစ်ရာအတွက် ( သို့ ) ပြင်းပြသော ရည်ရွယ်ချက်တစ်ခုကိုအကောင်အထည်ဖော်ရန် သူငယ်ချင်း ဇော်ဦးရှိရာ မြို့လေးသို့ကျွန်တော် ရောက်နေခဲ့ခြင်း ဖြစ်ပါ၏။

လွန်ခဲ့သော ( ၁ ) လခန့်က ကျွန်တော်ရေးသော ဝတ္ထုများကို ထုတ်ဝေရန် မထင်မရှား စာအုပ်တိုက် ( ထိုစဉ်က ) တစ်ခုနှင့်

သဘောတူညီမှု တစ်ခုကို ကျွန်တော် ရယူခဲ့ပြီးဖြစ်သည် ။ ထိုဆာလောင်မှုကို ဖောက်ခွဲဖြေသိမ့်ရန် အလို့ ငှာ ဤမြို့လေးသို့ ရောက်နေခဲ့သည် ဆိုလျှင် ပိုမှန်ပါလိမ့်မည်။

ကျွန်တော်တို့ ရောက်နေရာသည် မြို့လေး၏ အတွင်းကျကျ ရပ်ကွက်လေးတစ်ခု၏ ဘုရားပရဝုဏ် အတွင်းမှာ ဖြစ်၏။ ညဏ်တော် အတော်အတန်မြင့်သော စေတီလေးကို ပတ်ဝိုင်းပြီး လူငယ်လူရွယ်များ ဖရိုဖရဲ တည်ရှိနေကြသည် ။ မနက်ဖြန်တွင် ကထိန်ပွဲရှိသည် ဖြစ်ရာ ရပ်ကွက်တွင်းမှ လူငယ်တွေ အစဉ်အလာအရ စေတီတော်ကို ဆီမီးပူဇော်ရန် လာကြခြင်းဖြစ်ကြောင်း ဇော်ဦးက ရှင်းပြပါ၏။

"ငါတို့ ဘုရားမီးပူဇော်ပုံက တစ်မျိုးကွ ... မကြာခင် မင်းတွေ့ပါလိမ့်မယ် "

ဟုတ်၏။ တကယ်လည်း တစ်မျိုးပင် ဖြစ်သည် ။

အောက်လင်းဓာတ်မီးကြီးများကို သစ်ပင်ထက်တွင် ချိတ်ဆွဲပြီး ထိုမီးအလင်းရောင်ဖြင့် အိုးစည်၊ လင်ကွင်းတီးကာ လူငယ်များ ကခုန်နေသည် ။ တချို့က ဗျောက်အိုး၊ မီးရှူးမီးပန်းများ ဖောက်ကာတစ်ဦးနှင့်တစ်ဦး စနောက်နေကြသည် ။ မိန်းမပျိုလေးများကတော့ကိုယ်စီကိုယ်င ပြင်ဆင်ခြယ်သပြီး သူ့အဖွဲ့နဲ့သူ ရှိနေကြပါ၏။

ယခုကဲ့သို့ စေတီတော်ကို ဆီမီးပူဇော်ခြင်းကို သူတို့ ဓလေ့အခေါ်အရ "မီးဝင်သည် " ဟု ခေါ်ကြောင်း မီးဝင်ပွဲသို့လာရာတွင်လည်း အိမ်ထောင်သည် များ အဖို့ လာခွင့်မရှိဘဲ လူပျိုလူလွတ် များသာ လာရကြောင်း ဇော်ဦးက ထပ်မံရှင်းပြပါသည် ။

ကြည့်နေစဉ်မှာပဲ ခေါင်းဆောင်ဖြစ်ဟန် တူသူ လူလတ်ပိုင်း

အမျိုးသမီးတစ်ဦးက မိန်းမပျိုများ ထံ ဖယောင်းတိုင်များ လိုက်လံဝေငှနေသည် ကို မြင်ရ၏။ အိုးစည်တီး ကခုန်နေသူ လူငယ်များ လည်း ဖယောင်းတိုင်ဝေသည့်အချိန်မှ စ၍ အဆိုအတီးများကို ရပ်ကာ အသင့်နေရာ ယူလိုက်ကြသည် ။

"မီးဝင်တော့မယ်ကွ၊ ဘယ်လိုလဲ မင်း ငါတို့ နဲ့ လိုက်ဝင်မယ်မလား "

ဇော်ဦးက အင်္ကျီကိုလက်ခေါက်ရင်း ပြောလာတော့ ကျွန်တော့်မှာ ပခုံးသာတွန့်ပြမိ၏။

"ဘယ်လိုဝင်ရမှာ လဲ ... "

"ငါတို့ နဲ့ အတူ သံချပ်တွေအော်ပြီး ကရင်က ... မကချင်ရင် ဟိုမိန်းကလေးတွေလို ဆီမီးတိုင် ကိုင် စီတန်းပြီး စေတီတော်ကို လက်ဝဲရစ် သုံးပတ်ပတ် ဒါပဲ "

" အမှန်အတိုင်း ပြောရရင်တော့ တစ်ခုမှ ငါမလုပ်ရဲဘူး ... "

"ကောင်းကွာ ... "

ဇော်ဦးက ထောပနာပြုသည် ။ ကျောင်းထဲကလည်း အေးအေးဆေးဆေး နေတတ်သည့် ကျွန်တော့် အကျင့်ကို သိထားတာမို့ ဇော်ဦးကထပ်မတိုက်တွန်းခဲ့ ...။

"အဲလိုဆိုလည်း ရပ်သာကြည့်တော့ ငါ့ကောင်ရေ၊ ငါကတော့နွှဲလိုက်ဦးမယ် ..."

ပြောပြောဆိုဆို ဇော်ဦးထွက်သွားတော့ ကျွန်တော့်မှာ ဘာလုပ်ရမှန်းမသိ တစ်ဦးတည်းသာ ကြောင်တောင်တောင် ကျန်ခဲ့ရတော့သည် ။ လူစုနေကြပြီ။

အောက်လင်းမီးကိုင်ထားသူ လူငယ်မှာ ရှေ့ဆုံးမှ နေရာယူပြီး သူ့နောက်မှာ ဖယောင်းတိုင် လိုက်ဝေသည့် လူလတ်ပိုင်း အမျိုးသမီးက ဆန်ဗန်းကိုင်လျက် နေရာယူသည် ။ သူမနောက်မှာတော့ မီးထွန်းထားသော ဖယောင်းတိုင်များကို ကိုယ်စီလက်မှာ ကိုင်ရင်း မိန်းမပျိုလေးများက စီတန်းလျက် ရှိနေကြသည် ။ ထို့နောက်မှာမှ အတီးအမှုတ်လူငယ်များ နှင့် ကခုန်အော်ဟစ်မည့် ဇော်ဦးအပါအဝင် ကာလသားများ ...။

ခြေလှမ်းစသည် ဆိုလျှင်ပဲ ကာလသားများမှာ အိုးစည်ကိုမြိုင်အောင်တီး၊ သံချပ်များကို အပြိုင်ရွတ်လို့ ရိုးရာဓလေ့ အကဟန်များ ဖြင့် ကခုန်ကြပါတော့သည် ။ သူတို့ ရှေ့မှ စီတန်းကာ လျှောက်လှမ်းနေသူ မိန်းမပျိုလေးများမှာလည်း ကာလသားတို့ ၏ သံချပ်စကားများကြောင့် ပြုံးသူကပြုံး၊ ရယ်သူက ရယ်ဖြင့် ကြည်နူးစရာ မြင်ကွင်းတစ်ခုကို ကျွန်တော် အရှင်လတ်လတ် တွေ့ဖူးခဲ့ခြင်းပင် ဖြစ်တော့သည် ။ တိုင်းရင်းသားစစ်စစ်များ ဖြစ်သည် မို့ သူတို့ စကားနှင့်လေသံကို ကျွန်တော် အလုံးစုံ နားမလည်၊ သို့သော်လည်း သူတို့ ရဲ့ ကူးစက်မှုထဲတွင် တစ်စိတ်တစ်ပိုင်း အားဖြင့် ကျွန်တော် ရှိနေခဲ့သည် ဆိုတာကိုတော့ ငြင်းဖို့ မတတ်နိုင်ခဲ့။

ကြည့်နေဆဲမှာပဲ အေးစိမ့်သော လေများက ဖြတ်တိုက်ကာသွားသည် ။ လေရှိန်ကြောင့် ဖယောင်းတိုင်တို့ ဆီမှ မီးညွန့်လေးများမှာ ယိမ်းထိုးကုန်သည် ။ ထိုအခါ မိန်းမပျိုလေးများသည် မီးတောက်လေးများ ငြိမ်းမသွားစေရန် လက်အုပ်လေးဖြင့် ကာသူကကာ၊ ကွယ်သူကကွယ်ဖြင့် အလုပ်များ သွားတော့၏။

အမှန်အတိုင်း ပြောရပါက ထိုကိစ္စသည် ကာယကံရှင်တို့ အတွက်

စိတ်ကသိကအောက် ဖြစ်ဖွယ် အကြောင်းဖြစ်နိုင် သော်လည်း ကျွန်တော်ကတော့ တိုက်ခတ်လာသော ထိုလေအေးလေးကို တစ်ဘဝလုံးစာ ကျေးဇူးတင်မိသွားပါသည် ။

တစ်ချိန်မှာ ဆူးချွန်လေးဟု ကျွန်တော် အမြတ်တနိုးခေါ်ဆိုမည့် ... ကျွန်တော့်ရဲ့ အိပ်မက် အပိုင်းအစတို့ ကို လွတ်လပ်သော ဟင်းလင်းပြင် တစ်ခုဆီသို့ အမှတ်တရ သယ်ဆောင်သွားမည့် ... ကျွန်တော့် ရင်ခုန်သံတို့ ကို လှပသေသပ်စွာ ထုပ်ပိုး သိမ်းဆည်းထားမည့် ... ဆူးလေးတစ်ချောင်းကို တွေ့ရှိလိုက်ရ သောကြောင့် ဖြစ်ပါသည် ။

ထိုတွေ့ရှိမှုသည် ကမ္ဘာလုံးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုအတွက် ရာခိုင်နှုန်း ဘယ်လောက်မှ အထောက်အပံ့ မပေးနိုင်သော်လည်း ကျွန်တော့်အတွက်တော့ ဘဝတစ်ခုလုံးစာ သေချာ သွားခဲ့ရပါသည် ။

တည်ငြိမ်နေသော သူမမျက်နှာလေးပေါ်မှာ လေအရှိန်ကြောင့် အဝါရောင် အလင်း အပိုင်းအစလေးတွေ ဖြတ်ပြေးကာသွားသည် ။ မပီဝိုးတဝါး ထိုအလင်းလေးကိုပင် ကွယ်ပျောက် သွားမှာ စိုးသည့်အလား လက်ချောင်း သေးသေးလေးများ ဖြင့် ကာကွယ်ဖို့ ကြိုးစားနေသည့် စိုးရိမ်မကင်းသော သူမမျက်နှာလေး၊ ထိုအတွက် အလိုမကျစွာ အလိုအလျောက် ဖူးပွင့်လာသည့် နှုတ်ခမ်းချွန်ချွန် စူးစူးလေး ... ။

အခြားသူများ နှင့် ကွဲလွဲကာ သူမဝတ်ဆင်ထားသည့် အနီရောင် ဆွယ်တာနှင့် အနီရောင် မာဖ လာလေး။ သနပ်ခါး၊ မိတ်ကပ်နှင့် တခြားအလှအပ ဆိုင်ရာများ ကူညီထားခြင်း မရှိသည့် ပအို့ ရဲရဲဖောင်းဖောင်းလေး၊ အရပ်နိမ့်သလောက် တစ်ချိန်မှာ ကျွန်တော် မနှာလိုဖြစ်ရသည် အထိ ကလေး ဆန်နေတတ်သော ခန္ဓာကိုယ်

ဝကစ်ကစ်လေး။ ဒါတွေအားလုံးက ကာလအပိုင်းအခြားအားဖြင့် မပြောပလောက်အောင် မြန်ဆန်လွန်းလှသော်လည်း ကျွန်တော့်နှလုံးသား တွင်းမှာ တော့ အနေး ပြကွက်ဖြင့် အကြိမ်ပေါင်း မရေတွက်နိုင်အောင် ပြန်ကြည့်လို့ ရသည် အထိ နေရာယူသွား ခဲ့ပါသည် ။

တစ်စုံတစ်ရာ စေခိုင်းမှုမပါဘဲ သူမရဲ့ လှုပ်ရှားမှုမှန်သမျှကို အသေးစိတ် လိုက်လံ မှတ်သားနေမှုကြောင့် ဇော်ဦး လက်ပြနေသည် ကိုပင် သတိမထားမိလိုက်။ တကယ်က ကျွန်တော့် မြင်ကွင်းထဲမှ သူမ ပျောက်မသွားစေချင် ... နောက်မှ လိုက်ကြည့်ဖို့ ဆိုသည် မှာ လည်း လက်ရှိအခြေအနေအရ မဖြစ်နိုင်သည် မို့ နောက်တစ်ကြိမ် ကျွန်တော့်ရှေ့ ပြန်ရောက်လာမည့် အရေးကိုပဲ မချင့်မရဲနှင့် စောင့်ဆိုင်းနေရတော့၏။ ဘုရားကို မီးပူဇော်ခြင်းမှာ သုံးပတ်မဟုတ်ဘဲ အပတ်သုံးရာသာဖြစ်လိုက်စေချင်တော့သည် ။

ဒုတိယအခေါက်မှာ တော့ လူစိမ်းပင် ဖြစ်လို့ လား၊ မိန်းကလေးတို့၏ ထိုးထွင်းသိမှု စွမ်းရည်အရ အလိုလိုပင် ခံစားရလို့ လားမသိ၊ သတိလက်လွတ် နေမိသော ကျွန်တော့်ထံသို့ နားမလည်သော မျက်ဝန်းလေးတစ်ခု ရောက်လာသည် ။ ထိုအကြည့်သည် ... နုနယ် လတ်ဆတ်လွန်းသော အဖြူရောင် ထောင့်စွန်းလေး တစ်ခုဖြစ်ရာ ကျွန်တော့်မှာ ရပ်တည်ပဲ နေရမလို၊ ရယ်ပဲပြရမလို ဖြစ်ခဲ့ရ၏။

တတိယအကြိမ် ကျွန်တော် ရရှိလိုက်သည် မှာ တော့ ရှက်အမ်းအမ်း အမူအရာနှင့် အလိုမကျသော ချွန်စူးစူး နှုတ်ခမ်းလေးပါပင်။ ဘာသာဗေဒအားဖြင့် ရှိပြီးသားဖြစ်နိုင်သော်လည်း အေးစက် လင်းလက်သော ထိုညလေးမှာ ကျွန်တော် နာမည်လေးတစ်ခုကို

ရှာတွေ့ခဲ့လိုက်သည် ။

သူမ နှစ်သက်ခြင်းဖြစ်မဖြစ် မသေချာသော်လည်း ကျွန်တော်ကတော့ နောက်ဆုံးခြေလှမ်း ထိတိုင်အောင် ထိုအမည်နာမလေး အပေါ်သေချာသွားခဲ့ရ၏။

"ဆူးချွန်လေး ... "

နောက်ပိုင်းကာလများ သည် ကျွန်တော့်အတွက် ဝိုးတဝါး နိုင်လွန်းလှပါ၏။ မီးဝင်ပွဲပြီးတော့ ဖော်ဦး ရောက်လာသည် ။ ကျွန်တော့်ကို စေတီတော်ပရဝုဏ် နောက်ဘက်ရှိ ဘုန်းကြီးကျောင်း ရှိရာသို့ ခေါ်ဆောင်သွားသည် ။ လှူဖွယ်ပစ္စည်းများ နှင့် ကျောင်းထိုင် ဆရာတော်ဘုရားကို ကန်တော့ကြသည် ။

ပြီးတော့ အလှူ့လှူ ပြန်သွားကြသည် ။

ဆူးချွန်လေးရော ဘယ်ကိုပြန်မှာ လဲ။

တပူတပင် ကျွန်တော် ရှာဖွေမိသေး၏။ အကြာကြီး မရှာလိုက်ရ၊ ဆိုင်ကယ်သံလေး တစ်ခုက အစပြုလိုက်ပါသည် ။

ပထမတော့ နှင်းဆီလေးတစ်ပွင့် လေစီးမှာ မျောပါသွားသည် ဟု ထင်လိုက်မိသေး၏။ တကယ်က ကျွန်တော့်ကို တစ်ဘဝလုံးစာ ဖြားယောင်းသွားသည့် မိန်းကလေးတစ်ဦး ဆိုင်ကယ်လေး တစ်စီးကိုလှပစွာ ခေါ်ယူသွားခြင်း ဖြစ်သည် ။

ကျွန်တော်နှင့် ဆူးချွန်လေးတို့ ၏ ဒုတိယအကြိမ် တွေ့ဆုံမှုသည် ဘယ်လိုမှ ထင်မှတ် မထားသည့် လူရှုပ်သော ဈေးအတွင်းမှ သက်သတ်လွတ် သီးသန့်ရောင်းသော မုန့်ဆိုင်လေးမှာ ဖြစ်သည် ။

အစကတော့ ဒီဆိုင်လေးကို သက်သတ်လွတ်သာ

ရောင်းသည့်ဆိုင်ဟု မထင်ခဲ့။ ဘာရယ်မဟုတ် ဝင်ထိုင်ပြီးတော့မှ ရရှိသည့် မုန့်အမျိုးအမည် များကြောင့် စိတ်ဝင်စားသွားရခြင်း ဖြစ်သည် ။ သက်သတ်လွတ်မုန့်ဟင်းခါး၊ ကောက်ညှင်းပေါင်းနှင့် အကြော်၊ ဒီသုံးမျိုးသာ ဖြစ်သော်လည်း ကျွန်တော် စိတ်ဝင်စားသွားသည် မှာ ရှေ့ဆုံးမှ အရာဖြစ်သည် ။

မုန့်ဟင်းခါးကို ငါးမပါဘဲ မည်သို့ သက်သတ်လွတ် ချက်သနည်း . ... . စိတ်ဝင်စားစွာပဲ စားကြည့်လိုက်တော့ မူလ မုန့်ဟင်းခါးနှင့် အနည်းငယ်သာ ကွဲလွဲပြီး ထင်မထားလောက်အောင် ကောင်းမွန်နေခြင်းပင်၊ ပဲဆန်နှင့် ချက်သည် ဟု ဆိုင်ရှင်ဦးလေးကြီးက ရှင်းပြသည် ။ နောက်ပြီး သူကိုယ်တိုင်လည်း ရာသက်ပန် သက်သတ်လွတ် စားကာသူ့လို အသားမစားသူတွေအတွက် ရည်ရွယ်ပြီး ဖွင့်ထားတာဖြစ်ကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြ၏။

ထိုဆိုင်ရှင် ဦးလေးကြီးအမည်မှာ ဦးစံသောင်း ဖြစ်ပါသည် ။

ကျွန်တော် အရသာခံစားနေစဉ်မှာ ပဲ ဆိုင်ရှေ့မှ ချွန်စူးစူး အသံလေးတစ်ခု ထွက်ပေါ် လာသည် ။

"ကောက်ညှင်းပေါင်းနဲ့ အကြော်စုံတစ်ပွဲပါဆယ်"

လှမ်းကြည့်မိတော့ ကျွန်တော့်စိတ်ဝိညာဉ်ကို ရက်အတော်ကြာ ဖမ်းစားထားသည့် ဝဝကစ်ကစ်ကောင်မလေး ( သို့ ) ဆူးချွန်လေး။ မီးဝင်ပွဲည ပြီးကတည်းက သူမနဲ့ မတွေ့တော့တာ ယနေ့ နဲ့ ပါဆို ( ၄ )ရက်တိတိ ရှိနေပြီလေ။

ဒီ တ စ် ကြိ မ် မှာ တော့ တီရှပ်ခေါင်းစွပ်လက်ရှည် အမည်း၊ ဂျင်းပင်အပြာနှင့် ကြိုးသိုင်းဖိနပ်လေးကို တွဲစီးကာ လူငယ်ဆန်လွန်းနေသည် ။ သူမကလည်း ကျွန်တော့်ကို

မြင်တွေ့သွားပြီးနောက်မှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားပုံရ၏။ အစဉ်သဖြင့် ရဲနေမည် ထင်ရသည့်သူမရဲ့ ပါးအိုလေးနှစ်ဖက်မှာ ပန်းနုရောင်သွေးသို့ လှစ်ခနဲ ဖြတ်ပြေးသွားကြောင်း မထင်မရှား လှမ်းတွေ့လိုက်ရသည် ။ ဒါဆိုလျှင်တော့ ဆူးချွန်လေးလည်း ကျွန်တော့်ကို မှတ်မိနေသည် ဆိုတာ သေချာပါသည် ။

ပြီးတော့ သူမသည် ခပ်သွက်သွက်ပင် အကြည့်ကို လွှဲလိုက်၏။ ဘာရယ်မဟုတ်သည့် သူမ၏ ထိုအပြုအမူလေးမှာ ပင် ကျွန်တော့်ရဲ့ ရပ်တည်မှုတို့ သေဆုံးရပြန်ပါပြီ။ တကယ်တော့ ကောက်ညှင်းပေါင်းနှင့် အကြော်ကို ပါဆယ်ထည့်ပေးခြင်းမှာ ခဏလေးပင် ဖြစ်ကြောင်း ကျွန်တော် သိသော်လည်း မသိစိတ်က အကြာကြီးဖြစ်ပါစေဟု ဆုတောင်းနေမိပြန်သည် ။

ဒါပေမဲ့ ထိုဆုတောင်းသည် မပြည့်ခဲ့ပါ။

လက်တွင်းရောက်လာသည့် ပါဆယ်ထုပ်ကို လှမ်းယူပြီးပိုက်ဆံကို ကမ်းပေးကာ သူမ လှည့်ထွက်သွားသည် ။

ဒီတော့မှ သတိဝင်ကာ ပိုက်ဆံကို အမြန်ရှင်းရင်း သူမ ထွက်သွားရာနောက် လိုက်ခဲ့ရတော့၏။ မနက်ခင်း ဈေးစည်ချိန်ဖြစ်သည် ကြောင့် ဈေးရောင်းဈေးဝယ်များ ဖြင့် လမ်းကပြည့်ကြပ်နေသည် ။

သူမရဲ့ ခြေလှမ်းတို့ က ဈေးထွက်ပေါက်ဆီသို့ ဦးတည်နေရာမျက်ခြည်မပြတ်သွားရန် သွက်သွက်လိုက်ရင်း ကိုယ့်ကိုယ်ကိုယ်သာ ကျိန်ဆဲနေမိသည် ။ အမှန်ဆို မုန့်မစားခင်ကတည်းက ဆူးချွန်လေး ဈေးလာဝယ်နိုင်တာပဲ ဆိုသည့် အသိနှင့် တစ်ဈေးလုံး ပတ်ရှာမိခဲ့ဖို့ ကောင်းပါသည် ။ ခုတော့

ဈေးဝယ်ခြင်းအမှု ပြီးဆုံးကာ သူမ အိမ်ပြန်တော့မည်ထင်၏။

သွက်သွက်လိုက်ခဲ့သော်လည်း သူမခြေလှမ်းတို့ ကို မီမလာခဲ့၊ ကျွန်တော် ဈေးပေါက်ဝ ရောက်တော့ သူမက ဆိုင်ကယ်ကိုပင် စက်နှိုးနေပြီ။

ပြီးတော့ ဈေးရောင်းဈေးဝယ်များကြား ကျွမ်းကျင်စွာပင် ဆိုင်ကယ်ကို ကွေ့ပတ် မောင်းထွက်လာ၏။ ဈေးပေါက်ဝတွင် ရပ်နေသော ကျွန်တော့်ရှေ့မှ အဖြတ် ( လိုက်လာမှာ ) သိသားပဲဟူသောပုံစံမျိုးဖြင့် မချိုမချဉ်ပြုံးရင်း ဆိုင်ကယ်ကို အရှိန်တင်သွားခဲ့သည် ။

လော င် ကျွ မ်း ရ သူ မှာ ဒုတိယအကြိမ်ထိတိုင် ကျွန်တော်သာဖြစ်ပါသည် ။

*****

## IV

"မင်းပြောတာ ဆူးငယ်ပါ ... ပုပုလုံးလုံးလေး၊ ဆိုင်ကယ် ခိုပြာရောင်လေးစီးတယ်၊ ဟုတ်တယ်မလား ... "

ကျွန်တော့်အမေးကို ဇော်ဦးက ဤသို့ မှတ်ချက်ပြုလာသည် ။

"ပုပုလုံးလုံးလေး ဆိုတာတော့ ဟုတ်တယ်ကွာ ...၊ ဆိုင်ကယ်အရောင်တော့ သေချာ မမှတ်မိဘူး၊ အပြာလိုလို ... အနက်လိုလိုပဲ ... "

"ဟုတ်ပါတယ် ... ဆူးငယ်ပါ၊ ဒီမြို့မှာ ဆိုင်ကယ်စီးတဲ့ မိန်းကလေးက လက်ချိုးရေလို့ ရတယ် "

"မင်းနဲ့ ရင်းနှီးလား ... "

" အရမ်းကြီးတော့ မရင်းနှီးဘူး ...၊ သူ့အစ်ကိုဝမ်းကွဲက ငါနဲ့ သူငယ်ချင်း၊ နာမည်အရင်းက ဆူးသစ်ငယ်တဲ့ ... ၊ ရင်းနှီးသူအားလုံး ကတော့ သူ့ကို ဆူးငယ်လို့ ပဲ ခေါ်ကြတယ်၊ ငါတို့ ထက် နှစ်နှစ်ငယ်တယ် ၊ အဖေမရှိတော့ဘူး ... အမေရယ်၊ အမေရဲ့ အစ်ကို ဘကြီးရယ်၊ သူရယ် ... သုံးယောက်တည်းနေတာ၊ ဘာလဲ မင်းက ဆူးငယ်ကို စိတ်ဝင်စားလို့ လား ... "

လိမ်ညာမှု အားလုံးထဲတွင် မိမိကိုယ်ကိုယ် လိမ်ညာခြင်းသည် အပြစ်အကြီးဆုံးနှင့် ထိခိုက်နာကျင်မှု အရှိဆုံးဟု ခံယူထားသော

ကျွန်တော့်အဖို့ ဇော်ဦးရဲ့ အမေးစကားကို အေးအေးသက်သာပင် အဖြေပြန်ပေးလိုက်မိသည် ။ " ဆိုပါတော့ ... "

ကျွန်တော့် အဖြေစကားဆုံးတော့ ဇော်ဦးမှာ သူ့နဖူးသူ "ဖြန်း"ခနဲ ရိုက်ရင်း...

"သေပါတော့ကွာ၊ စာရေးဆရာရေ ... မင်းကတော့ လုပ်လိုက်ရင် အကြီးကြီးတွေပဲနော်... "

" ဘာဖြစ်လို့ တုံးဟ ... "

" ဆူးငယ်က လူတစ်မျိုးနော် ... ၊ မင်တို့ ငါတို့ တွေ့ဖူးတဲ့ မိန်းကလေးမျိုးတွေနဲ့ မတူဘူး၊ ဘယ်လိုပြောရမလဲ ... နည်းနည်း ပေါင်းရသင်းရခက်တဲ့ အမျိုးအစားထဲမှာ ပါတယ်၊ ပြီးတော့ ... "

ဇော်ဦးက စကားကိုရပ်ရင်း ဘေးဘီကို ကြည့်သည် ။ မီးဖိုချောင်တွင် ချက်ပြုတ်နေသော ဇော်ဦး မိခင်ကြီးမှ လွဲ၍ အိမ်တွင် သူနှင့်ကျွန်တော် နှစ်ဦးတည်း ရှိသော်လည်း သူစိမ်းမိန်းကလေး အကြောင်းကို ယောကျ်ားကြီးတွေတန်မဲ့ ပြောရမှာ မဝံ့မရဲ ဖြစ်နေပုံရပါသည် ။ တကယ်တော့ ဇော်ဦးကို ခင်မင်မိသော အချက်ထဲတွင် ထိုအချက်လည်း ပါဝင်ပါသည် ။ သို့သော် . ... . ပြောဆိုရာတွင် တော့ ဇော်ဦးကပွင့်လင်းသည် ရိုးရှင်းသည် ။

"သူ့အမြင် သူ့အတွေးတွေက သမားရိုးကျနဲ့ တော်တော်ကွဲတယ်၊ ဟိုကွာ ... ဘယ်လို ပြောရမလဲ စာအုပ်ထူကြီးတွေ အဖတ်များ ပြီး ခွကျတတ်တဲ့ လူစားမျိုး ... "

" ဩော် ... "

"ဒါပေမဲ့ သွားတော့ အထင်မသေးနဲ့ နော်၊ အဲလို

အကြောင်းကြောင်းလေးကိုပဲ အရှုးအမူး စိတ်ဝင်စားနေတဲ့ သူတွေ တို့မြို့မှာ နှစ်ယောက်သုံးယောက် မကဘူး "

ဘာရယ်မဟုတ်သော်လည်း သူ့ထက် ခြေလှမ်းစောသည့်လူတွေ ဆူး ချွန် လေး ဘေး နား မှာ ရှိနေသည် ဆိုသည့်အသိက ရင်ကို မောသွားစေသည် ။"

ဒါပေမဲ့ တစ်ခုတော့ရှိတယ် ချမ်းငြိမ်း ...၊ ဆူးငယ်ရဲ့ ဘကြီးက တို့ မြို့ မှာ သြဇာ တော်တော်ကြီးတယ် ... ၊ တို့ ကတော့ အဘညိုလို့ ခေါ်တယ် ... မျိုးနွယ်စု ခေါင်းဆောင်၊ မြို့နယ် အုပ်ချုပ်သူ အဖွဲ့ဝင်၊ ပိုက်ဆံလည်း တော်တော်ချမ်းသာတယ် ...၊ သူပိုင် လက်ဖက်ခင်းတွေ သရက်ခြံတွေက မြင်မကောင်းဘူး၊ ပြီးတော့ အဘညိုနောက်မှာ အဖွဲ့အစည်း ကြီးကြီးမားမားတွေ ရှိတယ်၊ ကိုယ်ကျင့်သီလပိုင်းနဲ့ ပတ်သက်လို့ လည်း အဘညိုက လေးစားဖို့ ကောင်းတယ်၊ ဆူးငယ်ကိုလည်း တော်တော်ချစ်တယ်၊ အဘညိုစကား ... အဘညို ဆုံးဖြတ်ချက်က တို့ ဆီမှာ တော့ တော်တော် အရာရောက်တယ်၊ အဲဒါကြောင့် မင်းကို သတိပေးချင်တာက ဇာတ်လမ်း ရှာရုံလောက် ဆိုရင်တော့ ခုကိစ္စကို ဒီမှာ ပဲရပ်လိုက်စေချင်တယ်၊ မဟုတ်ရင် ငါ့ မှာ မျက်နှာပူစရာတွေ ရှိတယ် "

ပူနွေးစေသော သက်ပြင်းတစ်ခုကို စိတ်မကောင်းစွာကျွန်တော် ချမိလိုက်ရင်း . ...

"မိန်းကလေးတစ်ယောက်ကို အပျော်ကြံရဲလောက်တဲ့ ထိ ငါ့ကိုယ်ငါ မလေးစားမှုတွေ မျက်နှာမှာ ပေါ်နေလို့ လား ဇော်ဦးရာ ..."

ကိုယ့်အမှားကိုယ် ရိပ်မိသွားသည် ထင်ရသော ဇော်ဦးမှာ ကျွန်တော့်ပခုံးကို ပုတ်ရင်း စိတ်မကောင်းစွာ ဆိုလာသည် ။

"အဲလိုလည်း မဟုတ်ပါဘူး ချမ်းငြိမ်းရာ ... မင်းကိုတော့ ငါယုံပါတယ်၊ ငါနဲ့ နီးနွယ်ပြီး ရောက်လာတဲ့ လူတစ်ယောက်ဘက်ကနေ ဖြစ်လာနိုင်တဲ့ အရေးကိစ္စတွေ အားလုံးအပေါ် ရဲရင့်ထားချင်လို့ ပါ ... "

"ရဲရင့်လိုက်ပါ သူငယ်ချင်း၊ ငါ့စိတ်ဓာတ်တွေ အဲလောက် မနိမ့်ကျသေးပါဘူး ... "

"အေးပါကွာ ... ၊ မင်းဘက်က သေချာပြီးသွားပြီ ဆိုရင်တော့ မတားတော့ပါဘူး၊ ပြောမယ့်သာ ပြောတာပါ ... ပေါင်းရသင်းရ ခက်တယ်ဆိုပေမဲ့ ဆူးငယ်က စိတ်ထားဖြူပါတယ်၊ ဒီမြို့မှာ ငါမနေလာတဲ့ ကာလတစ်လျှောက် ပြောပလောက်စရာ အစွန်းအထင်းမျိုးလည်း ဆူးငယ်ဆီမှာ မရှိခဲ့ဖူးဘူး "

" ဒါဆို ... ပြီးပြီပေါ့ ကွာ၊ ငါ့ ကိုသာ သူနဲ့ မိတ်ဆက်ပေးတော့ "

ဇော်ဦးက ထိုင်ရာမှ မထဘဲ ခေါင်းရင်းတိုင်မှာ ချိတ်ထားသည့် ချိန်သီးနာရီကြီးဆီ တစ်ချက်လှမ်းကြည့်သည် ။

"အင်း ... ဒီအချိန်လောက် ဆိုရင်တော့ ရှိဦးမယ်ထင်တယ် "

"ဘာလဲ "

" ဆူးငယ်က တို့ မြို့ရဲ့ တစ်ဦးတည်းသော စာကြည့်တိုက်မှူးမလကွာ၊ စာကြည့်တိုက်က နေ့လယ် ( ၁၂ : ၀၀ ) ကနေ ညနေ ( ၅ : ၀၀ ) ထိ ဖွင့်တာ ဆိုတော့ ခုချိန်ဆို ရှိလောက်ဦးမယ် ထင်လို့ "

ထင်မြင်ရခြင်းသည် လေချွန်တာလောက်ပင် လက်တွေ့ကျမှုမရှိမှန်း ကျွန်တော့်ရဲ့ ဆော်ဩ စကားတွေ အောက်မှာ ဇော်ဦးခမျာ ယက်ကန်ယက်ကန်ဖြင့် ပါလာရတော့သည် ။ တကယ်တော့

ဆွဲ ခေါ် သူ မှာ ကျွန်တော် ဖြစ်သော်လည်း နေရာမသိ၍ နောက်မှ လိုက်ရသူမှာ လည်း ကျွန်တော်သာ ဖြစ်ပါသည် ။

ဇော်ဦးမောင်းသော ဆိုင်ကယ်က စာသင်ကျောင်း တစ်ခုကိုတည်မှီထားသော အုတ်နီမိုး တစ်ထပ် အဆောက်အဦလေး ရှေ့တွင် ရပ်သွားသည် ။ ကျွန်တော်ပြောသော ဆူးချွန်လေးနှင့် ဇော်ဦးပြောသော ဆူးငယ်ဆိုသည့် မိန်းကလေး ထပ်တူကျသွားစေသည့် အချက်မှာ အဆောက်အဦ ရှေ့တွင် ရပ်ထားသော ခိုပြာရောင် ဆိုင်ကယ်လေးပါပင်။

ထိုဆိုင်ကယ်လေးကို မြင်တော့ ကျွန်တော့်မှာ စင်ပေါ်တက် လူရှေ့မထွက်ရဲသူလို တုန်လှုပ်လာရတော့၏။ ဇော်ဦးကတော့ အိမ်ရှင်ပီပီ စကြိုကိုဖြတ်ပြီး အဆောက်အဦထဲ ဝင်သွားသည် ။

ခပ်ဝေးဝေးထဲက စားပွဲတွင် ထိုင်ပြီး စာတစ်အုပ်ကို အသည်းအသန် ဖ တ် နေ သူ မှာ ဆူးချွန်လေးမှန်း ကျွန်တော် သိရှိလိုက်သည် ။ ဆူးချွန်လေး ကျွန်တော့်ကို မှတ်မိနေမှာ လား ...၊ ထိုအဖြေက ရှေ့မှ ဦးဆောင်ဝင်လာသော ဇော်ဦးကိုကျော်ပြီး ကျွန်တော့်ထံ အကြည့်ရောက်လာချိန်မှာ သေချာသွားတော့၏။

ရဲရဲနီနေသော ပါးအို့လေးထက်တွင် မျက်မှန်ပါးပါးလေးတစ်ချပ် ခံထားသော်လည်း ဘာလာလုပ် ပြန်တာလဲဟူသည့် အဓိပ္ပာယ်မျိုး သူမ မျက်နှာမှာ သက်ရောက်သွားမှန်း ရိပ်စားမိလိုက်သည် ။

"ဆူးငယ် တစ်ယောက်တည်းလား ... "

ဇော်ဦးရဲ့ ဘယ်လိုမှ အဆင်မပြေလှလွန်းသော ခြေဆင်းစကားကြောင့် ဆူးချွန်လေး မျက်မှောင်ကြုတ်သွားပြီး ...

"တစ်ယောက်တည်း မြင်ရဲ့ သားနဲ့ တစ်ယောက်တည်းလားလို့ မေးတော့ ဘာပြန်ဖြေရမှန်း တောင် မသိတော့ဘူး ... "

ဇော် ဦး မှာ ဆက်ပြောရခက်၊ ငြိမ်နေရခက်နှင့် တော်တော်မှ အူကြောင်ကြောင် နိုင်သွားရ၏။ ပြီးမှ ခေါင်းကိုကုတ်ရင်း ...

"အေးပါဟာ ... ငါလည်း ဘာပြောရမှန်းမသိလို့ စကားမရှိစကားရှာ ပြောလိုက်တာပါ၊ ဒီလိုဟ ... "

ဇော်ဦးက နံဘေးရောက်လာသော ကျွန်တော့်ကို မေးငေါ့ပြရင်း ...

" ဒါ ငါ့သူငယ်ချင်း ချမ်းငြိမ်းဝေတဲ့ ... ရန်ကုန်ကလာတာ၊ စာရေးဆရာပေါက်စ ... တို့ မြို့ကို ဝတ္ထုရေးဖို့ ရောက်နေတာ၊ အဲဒါ နင့်ဆီက စာအုပ်ငှားချင်တယ် ဆိုလို့ ... "

မျက်မှန်ပါးလေးအောက်တွင် ထင်မှတ်မထားသော အရောင်လေးတွေ ဖြတ်ပြေး သွားကြောင်း ကျွန်တော် မြင်လိုက်ရသည် ။ သူမက ကျွန်တော့်ကို သေချာကြည့်လာသည် ။ ဒါပေမဲ့ အချိန်ခဏသာကြာပါ၏။

"စာအုပ်က စာကြည့်တိုက်က ငှားတာပါ ...၊ ကျွန်မငှားတာ မဟုတ်ပါဘူး၊ ကျွန်မက စာရင်းမှတ်ပေးရုံ သက်သက်ပါပဲ ... "

ဒီတစ်ကြိမ်မှာ လည်း ဇော်ဦး ခေါင်းကုတ်ရပြန်ပါသည် ။

"အေး ... အေးပါဟာ ... ဟုတ်ပါတယ်၊ အဲဒါ သူ ဒီမှာ စာအုပ်ငှားလို့ ရတယ်မလား "

"ကိုဇော်ဦး တာဝန်ယူတယ် ဆိုရင်တော့ ငှားလို့ ရပါတယ်"

"ဇော်ဦး သက်ပြင်းကို ချလေသည် ။ ကျွန်တော့်ကိုလည်း

တစ်ခွန်းသာ ပြောတော့သည် ။

" မြန်မြန်ငှားကွာ ... " တဲ့ ။

"ဗီရိုထဲက စာအုပ်တွေက အိမ်ကို ငှားယူသွားလို့ မရပါဘူးရှင့် ... ဒီမှာ ပဲ ဖတ်ရတဲ့ စာအုပ်တွေပါ၊ စင်ပေါ်က စာအုပ်တွေကတော့ ငှားလို့ ရပါတယ် ...

"ဇော်ဦးက မြန်မြန်လုပ် ဟူသည့်သဘော လက်ပြရင်း ဆူးချွန်လေးနှင့်ဝေးသည့် ကုလားထိုင်တစ်လုံးမှာ စိတ်ပျက်လက်ပျက် သွားထိုင်နေလိုက်သည် ။ တစ်အုပ်နှစ်အုပ် ကိုင်ပြီးစဉ်မှာ ပဲ လျှော့တွက်လို့ မရသည့် စာကြည့်တိုက် တစ်ခုဆိုတာ ကျွန်တော် သိလိုက်ရ၏။

ရ ည် ရွ ယ် ရ င်း မှာ ဆူးချွန်လေးနှင့် ရင်းနှီးဖို့ ဖြစ်သော်လည်း တကယ့်တကယ် ကျွန်တော် လုပ်မိသည် က တန်ဖိုးကြီးစာပေ တော်တော်များများ ထဲကမှ အတွေးအခေါ်ဆိုင်ရာ ဘာသာပြန် စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်ခြင်း ဖြစ်သည် ။

ငှားယူလို့ ရသည့် စာအုပ်စင်ပေါ်မှ ဖြစ်ရာ ငှားရန်အတွက်ပင် သူမရှေ့စားပွဲပေါ်သို့ ကျွန်တော် တင်ပေးလိုက်တော့ သူမ မျက်ခုံး အနည်းငယ် ပင့်မြောက်သွားသည် ။ ပြီးတော့ ...

"စာအုပ်စင်ရဲ့ ဟိုဘက်ထောင့်စွန်းမှာ မူရင်းစာအုပ် ရှိတယ်ထင်တယ် . . . . "

"ဟုတ်ကဲ့ တွေ့တယ်ဗျ ...၊ ဒါပေမဲ့ ဒဿနစာပေတွေကို မူရင်းစာအုပ် ကိုင်ဖတ်ရ လောက်အောင်ထိ ကျွန်တော့် အင်္ဂလိပ်စာ အရည်အသွေး မကောင်းသေးလို့ ပါ ... "

သူမ ချစ်စဖွယ် ပြုံးသွားသည် ကို မြင်ရ၏။ ထိုအပြုံးသည် အထင်သေးခြင်း ကြီးခြင်းတို့ မပါဝင်သည့် ကျေနပ်သွားသော အရိုးခံအပြုံးမျိုးလည်း ဖြစ်သည် ။

" ဟုတ်တယ် ... ဆူးလည်း အဲဒီအတိုင်းပဲ၊ အတွေးအခေါ် ဆိုင်ရာတွေ ဆိုရင် ဘာသာပြန်ပဲ ရှာဖတ်တာ များ တယ် "

"ဪ ... ဆူး ... တဲ့ "

သူမကိုယ်သူမ သုံးနှုန်းသွားပုံလေးက အလွန်တရာမှ လိုက်ဖက်လွန်းလှပါရဲ့ ၊ ချက်ချင်းလက်ငင်း ပြောင်းလဲသွားသော အခြေအနေ တစ်ခုကြောင့်လည်း ကိုယ့်ကိုယ်ကိုယ်ပင် မယုံကြည်နိုင်အောင် ဖြစ်သွားမိသည် ။ သူမ စိတ်ဝင်တစား ဖတ်နေသည့် စာအုပ်ကို လှမ်းကြည့်တော့ အတွေးအခေါ်ဆိုင်ရာ ဘာသာပြန်စာအုပ် ကောင်းတစ်အုပ်ပင် ဖြစ်နေသည် ။ ဒီလောက်ဆိုလျှင်ဖြင့် သူမသည် လည်း တော်တော်မလွယ်သည့် အခြေအနေတစ်ခုမှန်း ရိပ်စားမိပါ၏။ သူမက စာအုပ်ကို နံပါတ်စဥ်တပ် စာရင်းသွင်းရင်း ...

"စာကြည့်တိုက်ရဲ့ စည်းကမ်းအရ သုံးရက်ငှားခွင့် ရှိပါတယ်၊ သုံးရက်ပြည့်လို့ မှ မပြီးသေးရင် စာအုပ်ကို ဒီမှာ စာရင်းထပ်သွင်းပြီး ရက်ထပ်တိုးလို့ ရပါတယ် "

"ဟုတ်ကဲ့ ..."

အမှန်က စာရင်းလည်း မှတ်ပြီးပြီ၊ စာအုပ်လည်း လက်တွင်းရောက်နေပြီ ဖြစ်ရာ ပြန်ဖို့ သာ ရှိတော့သည် ဖြစ်၏။ သို့သော် ... ကျွန်တော် မပြန်ဖြစ်သေး၊ စားပွဲရှေ့တွင် ခြေစုံရပ်နေသေးသည့် ကျွန်တော့်အား သူမက

နားမလည်နိုင်သလို မော့ကြည့်လာသည် ။

"ဟိုဗီရိုထဲက စာအုပ်တွေကျတော့ ဒီမှာ ပဲ ဖတ်ခွင့်ရှိတာလား "

"ဟုတ်ပါတယ် "

"နေ့တိုင်း လာဖတ်ရင်ရောရလား"

ဖျတ်ခနဲ မော့ကြည့် လာပြီးမှ ကျွန်တော့်အကြည့်တို့ ကြောင့် သတိလက်လွတ်စွာ သူမ ခေါင်းငုံ့သွားသည် ။ ထွက်လာသည့် စကားသံက တိုးတိုးလေးပင် ဖြစ်၏

"စာကြည့်တိုက်ဖွင့်ရင်တော့ ရပါတယ် ..."

*****